Bibliographic Data

Author	ကြန် ၊ ဒေါ် KYAN , Daw Kran‘ , Do‘ **Art.** MK0017
Article Title	အဝေးရောက် မြန်မာအမြောက် (၂) Myanmar's Long Distance Cannon (2)) 'A ve" rok‘ Mranma¯ a mrok‘ (2)
Title (Book/Serial)	ကနောင် စက်မှုစီးပွားဂျာနယ် Kanaung Sethmu Sipwa Journal
Issue and Volume	Vol. 1, No. 4
Edition	
Place/ Publisher	
Distributor	
Ed. Date	April. 1994
Pagination	p. 16 - 17
Annotation	Continuation of article on the Myanmar cannon on Calton Hill in Edinburgh which was brought from Danhawady (Rakhine) in 1784, It was built during king Bodawpaya's reign (1782 - 1819). After the Third Anglo - Burmese War, many Burmese cannon and other captured guns were shipped to England as gifts to Queen Victoria and her court and presented by General Prendergast.
Subject Terms	1. Myanmar army - cannon 2. Myanmar - History
Key Words	

အဝေးရောက်မြန်မာအမြောက် – (၂)

ဂျင်နရယ်ပရင်ဒါဂတ်သည် အထက်မြန်မာနိုင်ငံကို ချီတက်သိမ်းပိုက်စဉ်က ဧရာဝတီမြစ်ကြောင်း တစ်လျှောက်နှင့် နေပြည်တော်ဝန်းကျင်မှ သိမ်းယူရရှိသော အမြောက်သေနတ်လက်နက်ကြီးငယ်တို့ကို အိန္ဒိယဘုရင်ခံချုပ်၏ အမိန့်အရ နည်းအမျိုးမျိုးဖြင့် ဖျက်ဆီးပစ်လိုက်သည်။ အချို့ကို အင်ပါယာ ရှင်ဘုရင်မကြီးနှင့် မြို့စားနယ် စားကြီးများ တပ်မှူးကြီးများထံ အမှတ်တရ လက်ဆောင်အဖြစ် ဝေငှပေးပို့သည်။ ဤသို့ဖြင့် မြန်မာ့မြေမှ စစ်သိမ်းရ အမြောက်ကြီးငယ် တစ်ရာနီးပါး ဝေးရပ်ဒေသများသို့ လွင့်ပါးရောက်ရှိ သွားကြသည်။

(ပရင်ဒါဂတ်၏ ပေးဝေစာရင်းတွင် မပါသော်လည်း ယခုအိဒင်ဘာရာမြို့ ကာလ်တန် တောင်ကုန်းပေါ်တွင် ဧရာဝတီသိမ်းရ စာတန်းပါ မြန်မာအမြောက်တစ်လုံး တွေ့ရကြောင်း ယခင်ဆောင်းပါးတွင် ဖော်ပြပြီးဖြစ်သည်။)

ပုဂ္ဂိုလ်အသီးသီးဌာန အသီးသီးတို့သို့ အမှတ်တရလက်ဆောင် အဖြစ်ပေးပို့လိုက်သော အမြောက်ကြီးငယ်စာရင်းတွင် သံတွဲမြို့ ၁၁၂၈ ခု စာတန်းပါ အမြောက် ၆ လုံးတွေ့ရသည်။ စာရင်းအတိအကျမှာ အောက်ပါအတိုင်း ဖြစ်သည်။

မကြွန်

၁။ ဘုရင်မကြီးထံပေးပို့သောအမြောက် အမှတ် ၁၀၄စီ

၂။ အီဒင်ဘာရာမြို့စားကြီး ထံပို့အမြောက်အမှတ် ၉၉စီ

၃။ အိန္ဒိယဘုရင်ခံချုပ်ထံပို့သောအမြောက်အမှတ် ၁၀၅စီ

၄။ ဘုရင့်အမြောက်လက်နက်တိုက်၊ ဝူလ်းဝစ်သို့ပို့သော အမြောက်အမှတ်၁၂၀စီ

၅။ ရန်ကုန်ဘော်လ်တီယာ တပ်သို့ပို့သောအမြောက်အမှတ်၁၂၇ စီ

၆။ မဒရပ်တပ်မှူးကြီးထံ ပို့သောအမြောက်အမှတ် ၁၀၂ စီ

ဖော်ပြပါအမြောက်ကြီးငယ်များအနက် ဘုရင်မကြီးသို့ဆက်သသော အမှတ် ၁၀၄စီအမြောက်သည် ခံတွင်းဟထားသော နဂါးခေါင်းပုံသဏ္ဌာန်ဖြစ်သည်။ အမွှမ်းအမံ အထုအပြောက် အထူးစီချယ်ထားသည်။ တရုတ်သို့မဟုတ် ယိုးဒယားလက်ရာဟု ထင်မြင်ယူဆရသော သံတွဲမြို့ ၁၁၂၈ခုစာတန်းပါသော ကြေးအမြောက်ဖြစ်သည်ဟု ပရင်ဒါဂတ်၏ မှတ်တမ်းတွင် ဖော်ပြထားသည်။

ဝေလမင်းသားထံပေးပို့သော အမြောက်အမှတ် ၁၀၆စီနှင့် ဝူလ်းဝစ်ဘုရင့်အမြောက်လက်နက်တိုက် သို့ပို့သော အမြောက်အမှတ် ၁၀၇စီတို့သည် ဘုရင်မကြီးသို့ ဆက်သသောအမြောက် ၁၀၄စီနှင့် အလားတူဖြစ်ကြောင်းဖော်ပြသည်။ သို့သော် သံတွဲမြို့ ၁၁၂၈ခု စာတန်းပါသည်ဟု ဖော်ပြထားခြင်းမရှိချေ။

ဝူလ်းဝစ်ဘုရင့်အမြောက်လက်နက်တိုက်သို့ အမြောက်နှစ်လုံးပို့သည်။ အမှတ်၁၀၇စီနှင့် အမှတ်၁၂၀စီဖြစ်၏။



အမှတ်၁၀၇စီသည် ဘုရင်မကြီးထံပို့သော အမှတ်၁၀၄စီနှင့်တူသည်။ သို့သော်စာတန်းမပါ။ အမှတ်၁၂၀စီသည် ခံတွင်းဟထားသော နဂါးခေါင်းပုံမဟုတ်ဘဲ လူ့မျက်နှာပုံ ကြေးအမြောက်ဖြစ်သည့်အပြင် သံတွဲမြို့ ၁၁၂၈ခု မဟာဘင်္ဂသုတ္တန နှင့် ဖတ်၍မရသောစာတန်းတစ်ခုပါသည်ဟု ဖော်ပြသဖြင့် ဘစ်မျိုးထူးခြားနေသည်။ ထို့အတူ ရန်ကုန်ဘော်လ်တီယာ ဘပ်သို့ လက်ဆောင်ပေးသော အမြောက်အမှတ် ၁၂၇စီတွင် သံတွဲမြို့မှ ရသည် ၁၁၂၈ ခု ဟုပါသဖြင့် အနည်းငယ် ပို၍ပြည့်စုံသည်ဟု ဆိုရပေမည်။

ဖော်ပြပါအမြောက်ရှစ်လုံး ကျင်လည်ခဲ့သော ဘဝသံသရာကို ခြေရာကောက်ကြည့်ကြပါစို့ . သက္ကရာဇ် ၁၁၂၈ခုတွင် သံတွဲမြို့မှရသော၊ ခညာတီသို့ ရောက်သော အမြောက်များဖြစ်ခဲ့လျှင် သံတွဲမြို့သို့ မည်သည့်အချိန်က ရောက်နေကြသနည်း၊ မည်သည့်အရပ်မှ ရောက်လာကြသနည်း ဆိုသည်ကို စဉ်းစားရပေမည်။ သမိုင်းကွင်းဆက်ရှာရပေမည်။

လက်လှမ်းမီသမျှ ရာဇဝင်ကျမ်းများကိုလှန်လှောကြည့်ပါသည်။ တိကျသောသမိုင်းကွင်းဆက်ကိုကား မတွေ့ရသေးပါ။ တောင်ငူခေတ် တပင်ရွှေထီးနှင့် ဘုရင့်နောင်မင်းတရားတို့ လက်ထက် ယိုးဒယားနှင့် စစ်ရေးအဆက်အသွယ်ရှိသကဲ့သို့ ရခိုင်နှင့်လည်း အပြန်အလှန်ချီတက်တိုက်ခိုက်မှုများ ရှိခဲ့သည်။ ဘုရင့်နောင်လက်ထက် ယိုးဒယားကိုအောင်နိုင်သောအခါ ကြေးအရုပ်ကြီး သုံးဆယ်နှင့် ကြေးအမြောက်ကြီးများ ပဲခူးသို့ ပါလာသည်။ ၁၅၉၉ခုနှင့် ပဲခူးအပျက်တွင် ရခိုင်တပ်များသည် ယိုးဒယားမင်းချီလာသည်ဟု ကြားလျှင် ဟံသာဝတီကို မီးတိုက်ဖျက်ဆီးကာ သံပုသမျှကို ယူ၍ ရခိုင်သို့ ပို့လေသည်ဟု ရာဇဝင်ကြီးများကဆိုသည်။

စန္ဒဝိဇယမင်း(၁၇၁၀ –၃၁)လွန်သည့်နောက်ရခိုင်တွင် မြို့ရွာအချင်းချင်းတိုက်ခိုက်ရန်ပြုမှုကြောင့် ကစင့်ကလျားပျက်ပြားကာ အခြေအနေဆိုးဝါးခဲ့သည်။ ၁၇၆၁ – ၂ ခုနှစ်တွင် ကမ်းရိုးတန်းမြေပြင်သုံးတောင်ခန့် မြင့်တက်သွားအောင် လှုပ်သောငလျင်ဒဏ်ကို ပြင်းထန်စွာ ခံရ၍လည်း သေကြေပျက်စီးခြင်းကြီးမားခဲ့သည်။

သံတွဲမြို့ ၁၁၂၈ခုစာတန်းပါ အမြောက်တို့သည် မည်သည့်ဒေသမှ သံတွဲမြို့သို့ ရောက်လာကြသနည်း၊ မည်သည့်အချိန်ကရောက်နေကြသနည်း။ သက္ကရာဇ် ၁၁၂၈ခု(အေဒီ၁၇၆၆) သည် မြန်မာပြည်တွင် ဆင်ဖြူရှင်မင်း နန်းစံချိန် တရုတ်တို့နှင့် စစ်ဆင်နွှဲခုခံနေရချိန်ဖြစ်သည်။ ဘိုးတော်ဘုရားခေါ် ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၄၆ခု(အေဒီ ၁၇၈၄) တွင် သားတော်ကြီး ဥပရာဇာသည် ရခိုင်ပြည်မှ ယိုးဒယားကြေးရုပ်ကြီးများနှင့် အလျားအတောင်၂၀ လုံးပတ်၆တောင်ရှိ အမြောက်ကြီး အပါအဝင် အမြောက်ကြီးငယ် ၂၀၀၁၊ စိန်ပြောင်း၁၀၀၀၊ သေနတ်၁၀၀၀သိမ်းယူခဲ့သည်။ ထိုအမြောက် စိန်ပြောင်းကြီးငယ်တို့တွင် ဤစာတမ်းတွင် ဖော်ပြသော အမြောက်ကြီးငယ်များ ပါဝင်လေသလောဟု ကြံဆစဉ်းစားမိပါသည်။ တိကျသော အဖြေသမိုင်းကွင်းဆက်ကိုကား မပေးနိုင်သေးပါ။

အဝေးရောက်အမြောက်များ အနက် ဘုရင်အမြောက်လက်နက်တိုက် ဝူလ်းဝစ်သို့ ပို့သော ခံတွင်းဟ နဂါးခေါင်းပုံဟန် အမြောက်ယခုထိနေရာတွင် ရှိကြောင်း သဲလွန်စရပါသည်။ မနှစ်က အင်္ဂလန်သို့ ခေတ္တ အလည်သွားရောက်စဉ်က အိမ်ပြန်ရန်တစ်ရက်အလိုတွင်ဗြိတိသျှ ပိုင်ကတ်တိုက်မှုး ပက်ထရစ်ရှာဟာဘတ် နှင့်တွေ့၍ အီဒင်ဘာရာမြို့ ကာလ်တန်တောင်ကုန်းပေါ်ရှိ အမြောက်အကြောင်း စကားစပ်မိကြသည်။ ထိုမှတစ်ဆင့် ဝူလ်းဝစ် လက်နက်တိုက်သို့ ပို့သော အမြောက်အကြောင်း ရောက်သွားရာ ပက်ထရစ်ရှာက ပို့စကဒ် တစ်ခုပေးပါသည်။ ခံတွင်းဟထားသော နဂါးခေါင်းပုံ အမြောက်ပို့စကဒ်ဖြစ်ပါသည်။

ပုံတွင်မြင်ရသည့် အတိုင်းသော် ဤအမြောက်သည် ဘုရင်မကြီးထံဆက်သသော အမြောက်အမှတ် ၁၀၄စီနှင့် ပုံစံတူဖြစ်သော်လည်း သံတွဲမြို့ ၁၁၂၈ခု စာတန်းပါကြောင်းမဖော်ပြသော အမြောက်အမှတ်၁၀၇စီဖြစ်ပေမည်။ ပို့စကဒ်နောက်ကျောတွင် –

Burmese bronze gun from King Thebaw's Palace in Mandalay 1885. The carriage was made in the Royal Arsenal at Woolwich in 1858.

ဟုရေးထားသည်။

အချုပ်အခြာအာဏာပိုင် ဘဝဆုံးရှုံးစဉ်က အဝေးသို့ ရောက်သွားသော ပါတော်မူအမြောက်မှန်ပါသည်။ ဝူလ်းဝစ်လက်နက်တိုက်သို့ ရောက်သောအခါ ထိုလက်နက်တိုက်တွင် ၁၈၅၈ခုနှစ်က ပြုလုပ်ထားသော အမြောက်တင်ရထား (ဘီး) ပေါ်တွင်တင်၍ပြသထားခြင်းဖြစ်ဟန်တူသည်။ ထိုလက်နက်တိုက်သို့ ပို့သော လူ့မျက်နှာပုံသဏ္ဌာန်၊ သံတွဲမြို့ ၁၁၂၈ခု မဟာဘင်္ဂသုတ္တန စာတန်းပါသော အမြောက်လည်းရှိရပေဦးမည်။ ရှိလေသေးသလောဟု သိလိုစိတ်ဖြစ်မိပါသည်။

ဘဝသံသရာကား ထူးခြားဆန်းကြယ်လှပါသည်။ ဤအမြောက်ရောက်နေသော နေရာဝူလ်းဝစ် လက်နက်တိုက်တွင် ၁၇၆၉ –၇၀ပြည့်နှစ်ဝန်းကျင်က ရတနာပုံခေတ် မြန်မာနိုင်ငံမှ ပညာတော်သင်များ ဖြစ်ကြသော မောင်မြ၊ မောင်တရုတ်ဖြူနှင့် မောင်မြူတို့သည် နိုင်ငံတော်ခေတ်မီတိုးတက်ရေးအတွက် အမြောက်၊ သေနတ်၊ ယမ်း၊ တူဆန်လုပ်နည်းပညာများကို လေးနှစ်ခန့် သွားရောက်သင်ယူခဲ့ကြဖူးသည်ကို အမှတ်ရမိပါသည်။

မကြန်